


ဆုမြတ်လှိုင်

စာစဉ် - ၁၂

# အဖို့ကံကောင်း ပြန်ရှင်လာပြီ

# အပိုင်း ၁၆၁

"သူ အဲဒါကို ဆွဲထုတ်လိုက်တော့ အခြေအနေ မကောင်းတော့ဘူးဆိုတာ သိလို့ ငါကိုယ်တိုင်လည်း စာလိပ်တွေ အများကြီးကို ထုတ်ထားလိုက်တာ၊ အဲဒီထဲမှာ နေရာရွှေ့ပြောင်းတဲ့ မှော်စာလိပ်တစ်လိပ် ပါသွားတယ်။ စာလိပ်တွေက အရမ်းများနေတာဆိုတော့ နေရာရွှေ့ပြောင်းတဲ့ စာလ်ိပ်အားလုံးက အသက်ဝင်သွားပြီး အခြားနေရာတစ်ခုကို ရောက်သွားတာဖြစ်မယ်"

ကျွင်းဟောင်က ပြောသည်။

ချီရှောက်ရှန်က ရင်ဘတ်ကို ပုတ်ကာပြော၏။

"အရမ်းကို နီးစပ်နေပြီ၊ ငါလည်း အခု ဘာစွမ်းအင်မှ အသုံးပြုလို့မရတော့ဘူး။ ဒီတော့ မင်းရဲ့တွက်ချက်မှုက မှားသွားပြီး တစ်ခုခုဖြစ်သွားခဲ့ရင် ဒီတိုင်း အသေခံရတော့မှာလား"

ကျွင်းဟောင်က ခေါင်းညိတ်သည်။

"ဒါပေါ့"

ချီရှောက်ရှန်က ကျွင်းဟောင်ကိုကြည့်ကာပြော၏။

"မင်းအတွက်တော့ ကောင်းတာပေါ့ မင်းကသာ မှားပြီး တွက်မိရင် ငါတို့နှစ်ယောက်လုံး သေနေလောက်ပြီ"

"အဲဒီတားမြစ်နတ်ဘုရားစက်ကွင်းက ရှန်းမန်ကပိုင်ဆိုင်ထားတာတဲ့ အရာပဲ၊ ငါက ဖုန်းဟယ် ငါတို့ကို သတ်ဖို့အတွက် ခိုးလာတဲ့အရာလို့ ထင်

တယ်။ ဖုန်းဟယ်က အကောင်းဆုံးကို ကြိုးစားနေတာပဲ"

ကျွင်းဟောင်က ပြောသည်။

ချီရှောက်ရှန်က ခေါင်းကုတ်၏။ သူသည်လည်း စိတ်ဓာတ်ကျလာသည်။ ဆိုရိုးစကားတောင်ရှိသေး၏။

ဘုရားတစ်ဆူ တည်တာထက် အသက်ရှင်တာက ပိုကောင်းတယ်။ တကယ်ကို အသက်ရှင်နေသေးလို့ ကောင်းတယ်လို့ ပြောရမှာပဲ။

သို့သော် အံ့သြစရာ မရှိပေ။ တစ်ဖက်သူက သူတို့ကို ကျိန်းသေပေါက် လိုက်ရှာကာ ဒုက္ခပေးရန် ကြံစည်ဦးမည်မှာ သေချာ၏။ ကျွင်းဟောင်က ချီရှောက်ရှန်ကို ကြည့်ကာ ပြော၏။

"ဘာတွေ ပြောနေတာလဲ"

ချီရှောက်ရှန်က ကျွင်းဟောင်ကိုကြည့်ပြီး ပြောသည်။

"ငါတို့အခု ဘယ်ကို ရောက်နေတာလဲ၊ ပြီးတော့ အဲဒီစက်ကွင်းရဲ့ အချိန်အကန့်သတ်ကရော ဘယ်လောက်လဲ"

"တစ်လ"

ချီရှောက်ရှန် မျက်လုံးပြူးသွားကာ ပြော၏။

"အဲဒီလောက်တောင် ကြာတာလား"

"ဟုတ်တယ်"

ချီရှောက်ရှန်က နဖူးကို ပွတ်သည်။

"ငါ့အထင်တော့ ငါတို့ပုန်းဖို့နေရာတစ်ခု ရှာရရင်ကောင်းမယ် ထင်တယ်၊ ငါတို့နေရာ ရွှေ့ပြောင်းသွားတာကိုသိတဲ့ ဖုန်းဟယ်ကလည်း သေချာပေါက် လိုက်ရှာနေမှာပဲ"

ကျွင်းဟောင်က ခေါင်းညိတ်သည်။

"ငါလည်း အဲဒီလိုပဲထင်တယ်"

"ပိုကောင်းအောင် တွေးရမယ်ဆိုရင် အဝတ်တွေ အရင်ရှာရမယ်"

ချီရှောက်ရှန်က သူ ဝတ်ထားသည့် စုတ်ပြတ်သတ်နေသည့်ဝတ်စုံကို ကြည့်ကာပြောသည်။ ကျွင်းဟောင်ကလည်း အလားတူသာဖြစ်၏။

ကျွင်းဟောင်က မတ်တပ်ထရပ်ပြီး စိတ်ဓာတ်ကျစွာ ပြော၏။

"ဆိုးတာက ငါ့ရဲ့ပိုက်ဆံတွေအားလုံးက နားကအဆောင်ထဲမှာ အဲဒီအဆောင်က အခုဖွင့်လို့ မရတော့ဘူးဆိုတော့ ဘာပိုက်ဆံမှ မရှိတော့ဘူး"

ချီရှောက်ရှန်က ကျွင်းဟောင်၏ပုခုံးကို ပုတ်ကာပြောသည်။

"ဒီလိုဆိုရင်တော့ နည်းလမ်းတစ်ခုပဲ ရှိတော့တယ်"

"ဘာ နည်းလမ်းလဲ"

"ခိုးရမှာပေါ့"

ကျွင်းဟောင်က မျက်မှောင်ကျုံ့သည်။

"ဘယ်သူက သွားခိုးမှာလဲ"

ချီရှောက်ရှန်က ဖြောင့်မတ်မှန်ကန်စွာပြောသည်။

"သေချာပေါက် မင်းပေါ့"

ကျွင်းဟောင် "..."

........

ဖုန်းစံအိမ်တွင်

"စီနီယာဖုန်းယွမ် သခင်လေးနဲ့ သခင်လေးကျွင်းတို့က ပျောက်ကွယ်သွားတယ်ဆိုတာ ဘာကို ဆိုလိုတာလဲ"

မူတင်းရွယ်က စိတ်ဓာတ်ကျစွာ မေးသည်။

"သခင်လေးချီက ဝိညာဉ်ဆေးဥယျာဉ်ကို သွားပြီး စစ်ဆေးမယ်လို့ ပြောသွားပေမဲ့ ဥယျာဉ်ရဲ့အထိန်း ပြောတာကတော့ ဘယ်သူမှ ရောက်မလာကြဘူးတဲ့"

ဖုန်းယွမ်က သက်ပြင်းချသည်။

မူတင်းရွယ် မျက်မှောင်ကျုံ့၏။

"ဘယ်လို ဖြစ်နိုင်မှာလဲ"

ဖုန်းယွမ်က မူတင်းရွယ်နှင့်ရီဖန်ကိုကြည့်ကာပြောသည်။

"ငါ အခြေအနေကို စုံစမ်းဖို့ လူလွှတ်ထားတော့ သိပ်မကြာခင်မှာ သတင်းကိုသိရမှာပါ"

ရီဖန်က မျက်မှောင်ကျုံ့သည်။

"ကျေးဇူးတင်ပါတယ် အကြီးအကဲ"

ဖုန်းယွမ်က ရီဖန်နှင့်မူတင်းရွယ်ကို ကြည့်ကာပြော၏။

"မင်းတို့ အများကြီး မစိုးရိမ်သင့်ဘူး သူတို့လမ်းမှာ ရှုခင်းကို သဘောကျနေတာပဲ ဖြစ်လောက်မှာပါ"

မူတင်းရွယ်က ပြုံးသည်။

"အဲဒီလိုဖြစ်ဖို့ မျှော်လင့်ပါတယ်"

......

မူတင်းရွယ်နှင့် ရီဖန်တို့က စိုးရိမ်စွာဖြင့် လမ်းလျှောက်နေကြသည်။

"ဘာတွေ ဖြစ်နေတယ်လို့ ထင်လဲ"

မူတင်းရွယ်က ရီဖန်ကို ပြော၏။

ရီဖန်က ခေါင်းခါကာပြောသည်။

"ငါမသိဘူး၊ ဖုန်းယွမ်က ငါတို့ မသိအောင် တစ်ခုခု ဖုံးကွယ်ထားနေသလိုပဲ။ ငါတို့ဘာသာပဲ အဖြေရှာရလိမ့်မယ်"

မူတင်းရွှယ်က မျက်လုံးကိုမှိတ်ကာ ပင်ပန်းစွာပြောသည်။

"ငါ့အထင် သခင်လေးက ရှန်းမန်ရဲ့အင်အားစုကြီး တိုက်ခိုက်တဲ့အထဲမှာ ဝင်ပါမိသွားပြီ ထင်တယ်"

ဖုန်းစံအိမ် အတွင်းဖက်တွင်

ဖုန်းယွမ်က အနက်ရောင်ဝတ်စုံနှင့် လူ၏ ကျောပြင်ကို ကြည့်ကာ မျက်နှာက မည်းမှောင်နေသည်။

"အဲဒီမှာ တားမြစ်နတ်ဘုရားရဲ့စက်ကွင်း အသုံးပြုထားတဲ့ ခြေရာလက်ရာတွေကို တွေ့ခဲ့တယ် ဆိုတာက တကယ်ပဲလား"

"ဟုတ်ပါတယ်၊ ကျွင်းဟောင်နဲ့ချီရှောက်ရှန်ကသာ စွမ်းအားကို ကန့်သတ်ခံထားရမယ်ဆိုရင် နှစ်ယောက်လုံး အသတ်ခံရလောက်ပါပြီ"

"ဒီဖုန်းဟယ်က ရူးနေတာလား၊ ဒါကိုတောင် ခိုးသွားပြီး ကျွင်းဟောင် အပေါ်မှာတောင် သုံးရဲတယ်"

ဖုန်းယွမ် ဒေါသထွက်သွားသည်။ ကျွင်းဟောင်က သူတော်စင်အဆင့် ကျွမ်းကျင်ပညာရှင်၏မြေး ဖြစ်ကာ ဖုန်းယွမ် ထိတ်လန့်လာမိ၏။

"အရှင် ချီရှောက်ရှန် ဒုက္ခရောက်နေပြီဆိုရင် သူ့ကိုပေးထားတဲ့ကတိကို ဘယ်လိုဆက်လုပ်မလဲ"

"ချီရှောက်ရှန် တစ်ခုခု ဖြစ်သွားမယ် ဆိုရင်တောင်မှ မူတင်းရွှယ်က ရှိနေသေးတယ်၊ ငါ ဒီအတိုင်း လုံးဝ မလွှတ်ပေးနိုင်ဘူး။ နောက်ပြီး ချီရှောက်ရှန်က ဒီလိုကိစ္စထဲ ဝင်ပါခဲ့ရတာက ငါ့ကြောင့်ပဲ၊ ငါ့ကို ကယ်ဖို့အတွက်နဲ့ သူ

သာ တစ်ခုခု ဖြစ်သွားခဲ့မယ်ဆိုရင် ငါက ကတိမတည်တဲ့သူ ဖြစ်တဲ့အပြင် အနာဂတ်မှာ လူတွေက ငါ့ကို ဘယ်လိုထင်ကြမလဲ"

"သခင်ပြောတာ မှန်တယ်၊ ပြောရရင် မူတင်းရွှယ်ကို ကူညီပြီး မူမိသားစုကို တိုက်ခိုက်ပေးတာက ဘာမှလဲကုန်ကျတာမှ မဟုတ်တာ"

"လူတွေလွှတ်ပြီး ချီရှောက်ရှန်နဲ့ ကျွင်းဟောင်ကိုရှာကြ၊ ကျွင်းဟောင်မှာ အသက်ကယ်တဲ့အဆောင်တွေ ရှိလိမ့်မယ်။ ဒီတော့ သူတို့နှစ်ယောက် အလွယ်တကူ အသတ်ခံရမယ်လို့ ငါတော့ မထင်ဘူး"

ဖုန်းယွမ်က ပြောသည်။

...

ချီရှောက်ရှန်နှင့်ကျွင်းဟောင်က သစ်သားအိမ်၏ အောက်ဖက်တွင် ဂပ်နေသည်။ သူတို့က ခြံဝန်းထဲရှိ အဝတ်တန်းကို ကြည့်နေ၏။

"မင်း ဘယ်လိုထင်လဲ၊ ငါတို့ ဘယ်နေရာကို ရောက်လာတယ်လို့ မင်းထင်လဲ"

ချီရှောက်ရှန်က မေးသည်။

ကျွင်းဟောင်က ခေါင်းခါကာ ပြော၏။

"ငါလည်း မသိဘူး"

"ဒီနေရာက ခြံအနောက်ဖက်ဝန်းလို့ ထင်တယ်"

ချီရှောက်ရှန်က မနှစ်မြို့စွာပြောသည်။

"ဟုတ်လောက်တယ်"

"အဲဒီနေရာ ရွှေ့ပြောင်းတဲ့ စာလ်ိပ်တွေက ဒီလိုပဲ ကြုံရာနေရာကို ပို့လိုက်တာလား၊ မင်းအဖိုးက မင်း စုတ်ပြတ်သက်နေတဲ့ နေရာတစ်ခုကို ရောက်သွားမှာကိုရော မစိုးရိမ်ဘူးလား"

ချီရှောက်ရုန်က စိတ်ရှုပ်ထွေးစွာ ပြောသည်။

"ဒီစာလိပ်က ကျွင်းမိသားစုစံအိမ်ကို ရောက်ရမှာပေမဲ့ ငါတို့ကအခု ကျွင်းမိသားစုနဲ့ အရမ်းဝေးနေတယ်၊ ဒီတော့ ဒီစာလိပ်က ငါတို့ကို ကျွင်းမိသားစုကို ပြန်မပို့ပေးနိုင်ဘဲ အခြားနေရာကို မှားယွင်းပြီး ပို့ပေးလိုက်တာပဲ"

***

# အပိုင်း ၁၆၂

ချီရှောက်ရှန်က အသက်ပြင်းပြင်းရှူကာ ပြော၏။

"ဟုတ်ပါပြီ၊ ဟုတ်ပါပြီ၊ နောက်မှ ပြောကြရအောင် မင်း အဲဒီ အထဲကိုဝင်သွားပြီး အဲဒီထဲက အဝတ်နှစ်စုံလောက်ကို ခိုးယူပြီး ပြေးတော့"

ကျွင်းဟောင်က မျက်မှောင်ကျုံ့သည်။

"ငါတို့ အခြားနည်းလမ်းကို တွေးလို့မရဘူးလား ဒါကရှက်ဖို့ကောင်းတယ်"

ချီရှောက်ရှန်က ကျွင်းဟောင်ကို ကြည့်ကာပြော၏။

"မစိုးရိမ်စမ်းပါနဲ့၊ ငါ့ရဲ့တွက်ချက်မှုက မှန်တယ် တကယ်လို့ သူတို့တွေသွားကြရင်တောင်မှ မင်းကို မမှတ်မိပါဘူး။ အများဆုံး အရိုက်ခံရရုံပေါ့၊ ကိစ္စကြီးမှ မဟုတ်တာ"

ကျွင်းဟောင်က မျက်မှောင်ကျုံ့သည်။

"ဒါပေမဲ့..."

"ဘာကို ဒါပေမဲ့လဲ မင်း မေ့နေပြီလား၊ ငါတို့ မစေ့စပ်ခင်တုန်းက သဘောတူညီချက် ရှိတယ်လေ။ အပြင်ထွက်တဲ့ အချိန်မှာ မင်းက ငါ့ရဲ့ စားဖို့သောက်ဖို့၊ ဝတ်ဖို့အားလုံးကို စီမံခန့်ခွဲပေးရမယ် ဆိုတာလေ၊ အခု အဝတ်အပို မရှိတော့ဘူး။ ဘယ်လိုလုပ်မလဲ တစ်ခုခုတော့ ရှာပေးရတော့မယ် မဟုတ်လား"

ကျွင်းဟောင်က ချီရှောက်ရှန်ကိုကြည့်ကာ စိတ်အချဉ်ပေါက်နေသည့်

လေသံဖြင့် ပြော၏။

"ငါပြောမယ် အဲဒီစာချုပ်က တစ်ခုခုတော့ တစ်ခုခုပဲ"

ချီရှောက်ရှန်က ရယ်သည်။

"ဒါပေါ့ ဆိုရိုးစကားတောင် ရှိနေသေးတယ် မဟုတ်လား၊ အရာအားလုံးကို ကြိုတင်ပြင်ဆင်ထားတဲ့အခါ မမျှော်လင့်ထားတဲ့ အခြေအနေ ဖြစ်လာတဲ့အခါ ကြိုတင်ပြင်ဆင်ထားပြီးသား ဖြစ်ရောပေါ့။ အခုပဲကြည့် ကြိုတင်ပြင်ဆင်ထားတဲ့သူက ဘယ်လောက်အသာစီး ရလိုက်သလဲ"

ကျွင်းဟောင်" ..."

ချီရှောက်ရှန်က ကျွင်းဟောင်ကို ကြည့်ကာပြောသည်။

"ကောင်းပြီ ကောင်းပြီ တော်တော့၊ မြန်မြန်သွားပြီး အဲဒီအဝတ်တွေကိုခိုးပြီး ပြန်လာခဲ့တော့၊ နှစ်စုံဆို လုံလောက်ပြီ ဒီထက်ပိုဖို့ မလိုဘူး"

ကျွင်းဟောင်က မျက်မှောင်ကျုံ့ကာ အမိုးပေါ်မှ ခုန်ချလိုက်သည်။ ကျွင်းဟောင် ခုန်ချလိုက်သည်နှင့် ခွေးဟောင်၏။

"အဖိုး အဖိုး သူခိုး သူခိုး အိမ်ထဲ သူခိုးဝင်နေပြီ"

ချီရှောက်ရှန် နဖူးပွတ်လိုက်သည်။

"အဲဒီခွေးက သချာပေါက် လောကကြီးကို ဒုက္ခပေးမဲ့အကောင်ပဲ ငါ သိသင့်တာ"

ကျွင်းဟောင် ဒီကောင် တော်တော်လေးကို ဆိုးရွားတဲ့သူခိုးပဲ။

"မောင်လေးနောက်ထပ် တစ်ယောက် ရှိနေသေးတယ်"

ကောင်မလေးတစ်ယောက်က ထွက်လာသည်။

လူငယ်လေးက ချီရှောက်ရှန်ကို မြှားနှင့် ပစ်လိုက်ရာ ချီရှောက်ရှန် အမိုး

ပေါ်မှ ပြုတ်ကျသည်။ ချီရှောက်ရှန်၏ မျက်နှာက လောင်ကျွမ်းကာ မည်းမှောင်သွားသည်။

သေစမ်း ဒါက အရှက်ကွဲတာပဲ အရင်ကဆိုရင် ဒီလိုအဆင့်နိမ့်တိုက်ခိုက်ရေးသမားကို တစ်ချက်ယမ်းလိုက်တာနှင့် သတ်နိုင်တယ် အခုတော့..။

"အဖိုးအဖိုး ကျွန်တော် သူခိုးကို မိထားပြီ၊ သူခိုးကို မိထားပြီ"

ထိုအချိန်တွင်အထဲမှ လူအိုကြီးတစ်ယောက်က ထွက်လာသည်။ လူအိုကြီးက ချီရှောက်ရှန်နှင့် ကျွင်းဟောင်တို့ကို ကြည့်သည်။ ချီရှောက်ရှန် အံ့သြသွား၏။

ထူးဆန်းလိုက်တာ ဘာလို့ သူတို့မှာ ဘာတိုက်ခိုက်ရေးစွမ်းအားနှင့် မှော်စွမ်းအင်တွေမှ မပိုင်ဆိုင်တာလဲ။

လူငယ်လေးက ပြော၏။

"အဖိုးတွေ့လား အဖိုးပြောတော့ ကျွန်တော်က အသုံးမကျဘူးဆို အခု သူခိုးနှစ်ကောင်ကို ဖမ်းလိုက်ပြီ"

လူအိုကြီးက လူငယ်ကို ကြည့်ကာပြော၏။

"မင်းက ၁၃နှစ်ပဲရှိသေးတာ၊ ဒုတိယအဆင့် တိုက်ခိုက်ရေးသမားက မတက်ဘူး၊ ဒီလိုပြောဖို့ မထိုက်တန်ပါဘူး"

ချီရှောက်ရှန် မျက်လုံးပြူးသွားသည်။

၁၃နှစ်ပဲ ရှိသေးတာလား။ ဒါတောင် အရပ်က ၅ပေ၈လောက်ရှိနေပြီလေ။ နောက်ပြီး ဒီကလေးမလေးဆိုရင် ၅ပေ၅။ သူက မောင်လေးလို့ ခေါ်တာ မအံ့သြတော့ပါဘူး။

"ဟေး မင်းတို့၂ကောင် စွမ်းအားလည်းမရှိဘဲ ဘယ်လိုမျိုးများ ခိုးစားနေတာလဲ ဒီတိုင်းဆိုရင် သေကြောင်းကြံနေသလို ဖြစ်မနေဘူးလား"

လူငယ်က ပြောသည်။

ချီရှောက်ရှန် "…"

ကျွင်းဟောင် "…"

အဖိုးကြီးက ဆေးလိပ်မီးခိုးငွေ့များ မှုတ်ထုတ်လိုက်ကာပြော၏။

"လာပါ လာပါ အပြင်မှာ နေဖို့ကလည်း မလွယ်ဘူး မင်းတို့နှစ်ယောက် ဒီလောက် အခြေအနေဆိုးနေမှတော့ သူတို့ကို အဝတ် အနည်းငယ်ပေးလိုက်ပါ"

"အဖိုး ဒီအဝတ်တွေက ဈေးကြီးတယ်နော်၊ အဝတ်၂စုံအတွက်ဆို ပိုက်ဆံအများကြီးကုန်မှာ"

လူငယ်က မကျေမနပ်ပြောသည်။

လူအိုကြီးက ဆေးလိပ်ငွေ့ကို မှုတ်ထုတ်လိုက်ကာပြော၏။

"သူတို့ကို ဒီမှာနေပြီး အလုပ်လုပ်ခိုင်းလိုက်လေ၊ ဒီလိုဆို အကြွေးဆပ်ပြီးသား ဖြစ်သွားပြီပေါ့"

ချီရှောက်ရှန် "…"

ဆိုရိုးစကားတောင် ရှိနေသေးတယ် နေပူထဲကကျားက ခွေးတစ်ကောင်ရဲ့ အနိုင်ကျင့်တာကို ခံနေရပြီ။ ဖီးနစ်က ကြက်ထက်တောင် အခြေအနေ ဆိုးနေသေးတယ်။ ကောလဟာလက မှန်နေတာပဲ။

"အဖိုး သူတို့နှစ်ယောက်လုံးက ဘာစွမ်းအားမှမရှိတာ သူတို့ဘာလုပ်နိုင်မှာလဲ"

ယွန်ဟူက ပြောသည်။

လူအိုကြီးက ဖြည်းညှင်းစွာပြော၏။

"ဘယ်သူမှမရှိတာထက်တော့ ကောင်းသေးတာပေါ့"

ယွန်ဟူက မျက်လုံးလှန်သည်။

"ပြီးတာပဲ"

ယွန်ဟူက ချီရှောက်ရန်နှင့် ကျွင်းဟောင်ကို ကြည့်ကာပြောသည်။

"ဟေး မင်းတို့နှစ်ယောက်ကို ငါ ပြောမယ်၊ ဒီနေ့ကစပြီး မင်းတို့ အိမ်မှာ အဝတ်လျှော်ရမယ်၊ ငါ မင်းတို့နှစ်ယောက်ကို ကြီးကြပ်ပေးမှာနော်၊ ပျင်းဖို့ မကြံနဲ့ အရိုက်ခံရမယ်"

ချီရှောက်ရန်က ယွန်ဟူကိုကြည့်ကာ တွေးလိုက်၏။

သူ အမြီးက ဘယ်လောက်ရှည်နေလို့ ငါတို့ကို ပြန်ပြောနေတာလဲ၊ ၁၃နှစ်သားလေးက တကယ့်ကလေးလေးပဲလေ၊ ဒါတောင်မှ ဝက်တစ်ကောင်လို သန်မာနေပြီ သူ ဘယ်လိုတောင် ကြီးပြင်းလာတာလဲ။

ချီရှောက်ရန်က မဲမှောင်သည့်မျက်နှာထားဖြင့် ယွန်ဟူကို ကြည့်ကာ ပြော၏။

"ငါတို့ ဒီည ဘယ်မှာ နေရမှာလဲ"

ယွန်ဟူက အေးခဲသွားပြီးနောက် လူအိုကြီးကို ကြည့်သည်။

"ဟုတ်သားပဲ အဖိုး၊ သူတို့ ဒီည ဘယ်မှာနေရမှာလဲ အိမ်မှာ အခန်းမရှိတော့ဘူးလေ"

ယွန်ပင်းက တိတ်ဆိတ်ပြီးနောက်ပြောသည်။

"ကောင်းပြီ သူတို့ မင်းနဲ့အတူ နေလိမ့်မယ်"

ယွန်ဟူက စိတ်လှုပ်ရှားသွားသည်။

"သားနဲ့နေမယ်အဖိုး၊ သားရဲ့အိပ်ရာက ကြီးတယ်ဆိုပေမဲ့ သားတစ်ယောက်တည်းအတွက်ပဲ လုံလောက်တာလေ"

ယွန်ပင်းက ချီရှောက်ရုန်နှင့် ကျွင်းဟောင်ကို ကြည့်ကာပြောသည်။

"သူတို့ကို ကြမ်းပြင်မှာ အိပ်ခိုင်းလိုက်"

ယွန်ဟူက ခေါင်းညိတ်သည်။

"ဟုတ်သားပဲ သူတို့နှစ်ယောက်က သူခိုးတွေလေ သူတို့အကြွေးတောင်မဆပ်ရသေးဘဲ အိပ်ယာ ပေးစရာလား"

ချီရှောက်ရုန် "..."

ကျွင်းဟောင်နှင့်ချီရှောက်ရုန်တို့က ယွန်ဟူ၏အနောက်မှလိုက်ကာ အိပ်ခန်းထဲ ဝင်သွားလိုက်သည်။ ယွန်ဟူ၏အခန်းက ရှုပ်ပွနေကာ အပျက်အစီးတွေက အပုံလိုက်ရှိနေ၏။

"ကောင်းပြီ မင်းတို့နှစ်ယောက် နေလိုက်တော့"

ယွန်ဟူက စောင်နှစ်ထည်ကို ကျွင်းဟောင်နှင့် ချီရှောက်ရုန်ကို ပစ်ပေးသည်။ ကျွင်းဟောင်က စောင်တွေကို ကိုင်ပြီးနောက်ပြောသည်။

"ဒီစောင်တွေမှာ ဘာလို့ အပေါက်တွေ များနေတာလဲ"

ယွန်ဟူက ခေါင်းကုတ်သည်။

"ကြွက်ကိုက်လို့ ဖြစ်မှာပေ့ါ"

ကျွင်းဟောင် ကြက်သီးထသွားသည်။

"ကြွက် ဟုတ်လား ဘယ်လိုကြွက်က စောင်ကိုကိုက်တာလဲ"

"ငါက ဘယ်လိုသိမှာလဲ"

ယွန်ဟူက ပြောသည်။

"ဖြစ်နိုင်တာက စောင်အောက်မှာ အစားအစာတွေ ဖွက်ထားတယ်ထင်လို့ ခိုးဝင်ပြီး ရှာတာ ထင်တယ်၊ ငါ ငယ်ငယ်တုန်းက အနံ့ရဖူးတယ်။ အဲဒီကြွက်က အစာတွေ ခိုးသယ်လာတာလေ"

"ဒီစောင်က ဘယ်လိုအနံ့ကြီး နံနေတာလဲ"

ချီရှောက်ရှန်က နှာခေါင်းတစ်ချက်ရှုံ့ပြီး ပြောသည်။

ယွန်ဟူ စိတ်မရှည်တော့ပေ။ သူတို့၂ယောက်ကို စိုက်ကြည့်ကာပြော၏။

"ယူမှာလား ထွက်သွားမလား၊ မယူရင်တော့ ငါ့ဖာသာခြုံလိုက်တော့မယ်"

"ငါ့ကိုပေး"

ကျွင်းဟောင်က ပြောသည်။

"နောက်ပိုင်းမှာ အေးတယ်၊ စောင်က လုံလောက်တာ မဟုတ်ဘူး။ မင်းတို့တွေက စောင်ကို မျှသုံးတာက အကောင်းဆုံးပဲ၊ ဒီလိုဆိုရင် ပိုနွေးတာပေ့ါ"

ယွန်ဟူက ပြောသည်။

ကျွင်းဟောင်၏မျက်ဝန်းများက တောက်ပသွားကာ ပြော၏။

"ဒီနေ့ခေတ်တွေမှာ ဒီလိုစကားမျိုးကို ကြားရတာက စိတ်ချမ်းသာစေတယ်"

ယွန်ဟူက သိပ်မကြာခင်ကမှ လှဲအိပ်လိုက်သော်လည်း ဟောက်ပင်ဟောက်နေသေးသည်။

ချီရှောက်ရှန်နှင့် ကျွင်းဟောင်တို့က အတူတကွ လှဲလိုက်ကြသည်။ ကျွင်းဟောင်က ချီရှောက်ရှန်ကို ကြည့်ကာပြော၏။

"ငါတို့ ဘာလုပ်ကြမလဲ"

"အခြေအနေကို အရင်စုံစမ်းရအောင်"

ချီရှောက်ရှန်က ပြောသည်။

ချီရှောက်ရှန် မျက်မှောင်ကျုံ့နေ၏။ အချိန်တစ်ခဏကြာ သူတို့စွမ်းအားကို ချိတ်ပိတ်ခံထားရမည် ဖြစ်သည်။ ထိုအချိန်တွင် သူတို့အပြင်ထွက်သွားမည်ဆိုလျှင်ပင် အခြားသူတွေ တွေ့သွားခဲ့ပါက သေသွားနိုင်၏။ မည်သို့ပင်ဆိုစေ ရန်သူလက်ထဲသို့လည်း ကျရောက်သွားနိုင်သေးသည်။ ထို့ကြောင့် ဒီနေရာတွင်နေသည်က အကောင်းဆုံးဖြစ်၏။

***